Message Eight

## ဘုရားသခင်၏အိမ်တော်ဖြစ်သော အသင်းတော်ကို ကာကွယ်ခြင်းအတွက် မြို့ရိုးကို တည်ဆောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ နေ၊၁း၃။ ၂း၉-၂၀

**I. ဧဇရစာစောင်သည် အစ္စရေးလူတို့၏ ဖမ်းဆီးသိမ်းသွားခံရခြင်းမှ ပြန်လာခြင်းနှင့် ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ခြင်း၏ သမိုင်းကြောင်းဖြစ်သည်။ နေဟမိစာစောင်သည် ယေရုရှလင်မြို့တော်၏ မြို့ရိုးကို ပြန်လည်တည်ဆောက်ခြင်း၏ သမိုင်းကြောင်းဖြစ်သည် - နေ၊၂း၁၇-၂၀။**

A. ယေရုရှလင်မြို့တော်သည် မြို့တော်၌ရှိသော ဘုရားသခင်၏အိမ်တော်အတွက် လုံခြုံရာနှင့် ကွယ်ကာရာ ဖြစ်သည် - အငယ်၊၁၃။

1. ဤသည်မှာ မြေကြီးပေါ် ကိုယ်တော်ကိန်းဝပ်ရာနှင့် အိမ်ဖြစ်သော ဘုရားသခင်၏အိမ်တော်သည် ကိုယ်တော်၏နိုင်ငံတော်ကို လိုအပ်နေပြီး၊ ယင်းသည် ကိုယ်တော်၏စီမံကိန်းကို သယ်ဆောင်ရန် ကိုယ်တော်၏ စီမံခန့်ခွဲခြင်းအတွက် မြေကြီးပေါ် ကိုယ်တော်၏ အကျိုးအမြတ်ကို ကာကွယ်မည့် အဝန်းအဝိုင်းဖြစ်သည် - အငယ်၊၁၅။
2. ဘုရားသခင်၏အိမ်တော်ကို ပြန်လည်တည်ဆောက်ခြင်းမှာ ကျဆင်းသွားသော အသင်းတော်ကို ဘုရားသခင်က ပြန်လည်ရယူခြင်းအား ပုံဆောင်ပြီး၊ ယေရုရှလင်မြို့တော်၏ မြို့ရိုးကို ပြန်လည်တည်ဆောက်ခြင်းမှာ ကိုယ်တော်၏နိုင်ငံတော်ကို ဘုရားသခင်ပြန်လည်ရယူခြင်းအား ပုံဆောင်သည် - အငယ်၊၁၇-၂၀။

B. ဘုရားသခင်က ကိုယ်တော်၏အိမ်တော်ကို တည်ဆောက်ခြင်းနှင့် နိုင်ငံတော်ကို တည်ဆောက်ခြင်းမှာ အတူတကွ သွားနေသည် - မ၊၁၆း၁၈-၁၉။

**II. နေဟမိစာစောင်၏ ပထမအပိုင်းဖြစ်သည့် အခန်း ၁ မှ ၇ အထိသည် နေဟမိလက်အောက်၌ ယေရုရှလင်မြို့တော်၏ မြို့ရိုးကို ပြန်လည်တည်ဆောက်ခြင်း အကြောင်းဖြစ်သည်။**

A. နေဟမိသည် ယေရုရှလင်၏ မြို့ရိုးမှာ ပြိုကျခဲ့ပြီး၊ မြို့တံခါးများသည် မီးလောင်ကျွမ်းခဲ့ပြီဖြစ်ကြောင်း သတင်းကြားခဲ့ရသည် -၁း၃ခ။

B. နေဟမိ ၂း၉-၁၆ တွင် နေဟမိသည် ယေရုရှလင်မြို့သို့ ခရီးသွားပြီး၊ ယေရုရှလင်မြို့တော်၏ မြို့ရိုးအခြေအနေကို သူကိုယ်တိုင် သွားရောက်ကြည့်ရှုစစ်ဆေးခြင်းကို ပြောထားသည်။

C. နေဟမိ ၂း၁၇-၂၀ သည် ယေရုရှလင်၏ မြို့ရိုးကို ပြန်လည်တည်ဆောက်ခြင်းနှင့်စပ်လျဉ်းသည့် စကားဖြစ်သည်။

1. ဗိမာန်တော်သည် သခင်ဘုရား၏မျက်မှောက်တော်နေရာဖြစ်ပြီး၊ ကျွန်ုပ်တို့က သခင်ဘုရားကို တွေ့ဆုံရာနှင့် အစေခံရာနေရာဖြစ်သည်၊ သို့သော် ၎င်းသည် အကာအကွယ် လိုအပ်သည်။=
2. မြို့တော်၏ မြို့ရိုးသည် ဗိမာန်တော်အဖို့ ကွယ်ကာရာဖြစ်သည်။ မြို့တော်၏ မြို့ရိုးမပါဘဲ မည်သည့်အကာအကွယ်မျှ မရှိပါ။
3. မြို့တော်၏ မြို့ရိုးသည် ကာကွယ်ခြင်းအတွက်သာမက ခွဲခြားခြင်းအတွက်လည်းဖြစ်သည်။
4. နေဟမိစာစောင်က ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏မြို့ရိုးအပိုင်းကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း ပြောထားသည်။ အယောက်စီတိုင်းသည် မိမိတို့၏အပိုင်းကို တည်ဆောက်ကြရမည် - ၄း၆၊ ၁၉။

D. ကျွန်ုပ်တို့သည် ဘုရားသခင်၏အိမ်တော်၊ ကိုယ်တော်ကိန်းဝပ်ရာနေရာဖြစ်သည့် အသင်းတော်၏ အကာအကွယ်အတွက် "မြို့ရိုးကို တည်ဆောက်"ရန်၊ ဘုရားသခင်၏နိုင်ငံတော်ဖြစ်သော အသင်းတော်ကို တည်ဆောက်ရန် နေဟမိ၏ စံနမူနာနောက်သို့ ပင်ကိုမူလဆိုင်ရာ လိုက်လျှောက်ရန် လိုအပ်သည် - ၂း၄၊ ၁၀၊ ၁၇-၂၀။ ဧ၊၂း၂၁-၂၂။

**III. မြို့ရိုးကို တည်ဆောက်ခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အားလုံးကို ခရစ်တော်၏ ဦးခေါင်းအရာအောက်တွင် အသက်၌ မှန်ကန်သင့်လျော်သည့် အစီအစဉ်အထဲသို့ ခေါ်ဆောင်ရန်ဖြစ်သည် - ၁း၂၂-၂၃။ ကော၊၁း၁၈။ ၂း၁၉။**

A. ခရစ်တော်သည် စုပေါင်းခြင်းဆိုင်ရာ ကိုယ်ခန္ဓာတော်၊ အသင်းတော်၏ ဦးခေါင်းတော်နှင့် တစ်ဦးချင်းဆိုင်ရာ ယုံကြည်သူများ အားလုံး၏ ဦးခေါင်းတော်လည်းဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အယောက်တိုင်း၏ တိုက်ရိုက် ဦးခေါင်းတော်ဖြစ်သည် - ၁း၁၈။ ၁ကော၊၁၁း၃။

B. အသင်းတော်အသက်တာသည် ခရစ်တော်၏ တုနှိုင်းရာမဲ့ ဦးခေါင်းတော်အရာအောက်၌ ချုပ်ခြာခံရခြင်း အသက်တာဖြစ်သည် - ဧ၊၁း၁၀၊ ၂၂-၂၃။ ၄း၁၅-၁၆။ ကော၊၂း၁၉။

C. ကျွန်ုပ်တို့သည် ခရစ်တော်၏ တုနှိုင်းရာမဲ့ ဦးခေါင်းတော်အရာကို ရိုသေလေးမြတ်ခြင်းရှိမည်ဆိုလျှင် သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ အသင်းတော်သည် အိမ်တော်ဖြစ်ရုံသာမက၊ မြို့တော်လည်း ဖြစ်လိမ့်မည်ဖြစ်သည် - ဟေဗြဲ၊၁၁း၁၀။ ဧ၊ ၁း၂-၃။ နေ၊၁း၉။ ၂း၅၊ ၁၇။ ၁တိ၊၃း၁၅။ ဗျာ၊၂၁း၂၊ ၁၀-၁၁။

1. အိမ်တော်အဖြစ် အသင်းတော်သည် အဓိကအားဖြင့် အသက်ဖြစ်သော ခရစ်တော်နှင့်အတူဖြစ်ပြီး၊ မြို့တော်အဖြစ် အသင်းတော်သည် အဓိကအားဖြင့် ဦးခေါင်းတော်အဖြစ် ခရစ်တော်နှင့်အတူ ဖြစ်သည် - ၁တိ၊၃း၁၅။ မ၊၅း၁၄။ ကော၊ ၃း၄။ ၁း၁၈။

   a. ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်အဖြစ် တွေ့ကြုံခံစား၍ မွေ့လျော်ဝမ်းမြောက်သောအခါ၊ ကျွန်ုပ်တို့၌ အိမ်တော်အဖြစ် အသင်းတော်ကို ရရှိသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ တုနှိုင်းရာမဲ့ဦးခေါင်းတော်အရာကို သိမှတ်နားလည်သောအခါ အသင်းတော်သည် မြို့တော်အဖြစ်သို့ ကြီးမားလာမည်ဖြစ်ကာ၊ ယင်းကို ဘုရားသခင်၏ နိုင်ငံတော်ဖြင့် ပုံဆောင်ထားသည် - မ၊၁၆း၁၈-၁၉။

   b. မြို့တော်အဖြစ် အသင်းတော်သည် အသက်အဖြစ် ခရစ်တော်ဖြင့်သာ တည်ဆောက်ခြင်းမဟုတ်ဘဲ၊ ခရစ်တော်၏ ဦးခေါင်းတော်အရာဖြင့်လည်း တည်ဆောက်ခြင်းဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်ရုံသာမက၊ ကျွန်ုပ်တို့၏ဦးခေါင်းတော်လည်းဖြစ်ရမည်ဖြစ်သည် - ကော၊၃း၄။ ၁း၁၈။ ၂း၁၉။

2. ကျွန်ုပ်တို့သည် ခရစ်တော်၏ တုနှိုင်းရာမဲ့ဦးခေါင်းတော်အရာကို ရိုသေလေးမြတ်မည်ဆိုလျှင် အသင်းတော်သည် ရှင်ဘုရင်နှင့် ကိုယ်တော်၏နိုင်ငံတော်အတွက် အိမ်တော်မှ မြို့တော်သို့ ကြီးမားကျယ်ပြန့်လာမည်ဖြစ်သည် - ဆာ၊၄၈း၁-၂။ ၁ကော၊၁း၂။ ၁၂း၁၂-၁၃၊ ၂၇။ ဧ၊၁း၂၂-၂၃။ ၄း၁၅-၁၆။ ဗျာ၊၂၁း၂၊ ၁၀-၁၁၊ ၁၄။ ၁၁း၁၅။

## IV. ကျွန်ုပ်တို့သည် တမန်တော်များ၏ သွန်သင်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော ခြားနားသည့်သွန်သင်ခြင်းများမှ အသင်းတော်ကို ကာကွယ်ရန် မြို့ရိုးကို တည်ဆောက်ဖို့လိုအပ်သည် - တ၊၂း၄၂။ ၁တိ၊၁း၃-၄။

A. ခြားနားသောသွန်သင်ခြင်းများသည် ဘုရားသခင်၏စီမံကိန်းလမ်းကြောင်း၌မရှိသော သွန်သင်ခြင်းများကို ရည်ညွှန်းသည် - ၆း၃။

B. ၁း၃-၄၊ ၆-၇၊ ၆း၃-၅၊ ၂၀-၂၁ တို့ရှိ ခြားနားသောသွန်သင်ခြင်းများနှင့် ၄း၁-၃ ရှိ အယူလွဲခြင်းများမှာ အသင်းတော်၏ ကျဆင်းခြင်း၊ လျော့ပါးလာခြင်းနှင့် ယိုယွင်းလာခြင်းတို့၏ မျိုးစေ့၊ အရင်းအမြစ်ဖြစ်သည်။

C. ခြားနားစွာသွန်သင်ခြင်းသည် ဘုရားသခင်၏တည်ဆောက်ခြင်းကို ဖြိုချကာ၊ ဘုရားသခင်၏စီမံကိန်းကို ပျက်ပြယ်စေသည်။ ခြားနားစွာ သွန်သင်ခြင်း အနည်းငယ်မျှသည်ပင်လျှင် ပြန်လည်ရယူခြင်းကို ဖျက်ဆီးသည်။

D. ဒေသန္တရအသင်းတော်ကို စီမံခန့်ခွဲခြင်းနှင့် ထိန်းကျောင်းခြင်းအတွက် ပထမဆုံးလိုအပ်ချက်မှာ ဘုရားသခင်၏ စီမံကိန်းအလယ်ဗဟိုလမ်းကြောင်း သန့်ရှင်းသူများကို အာရုံပျက်စေသော ဆန့်ကျင်ကွဲလွဲသူများ၏ ခြားနားသောသွန်သင်ခြင်းများကို အဆုံးသတ်ရန် ဖြစ်သည် - တိတု၊၁း၉။

E. ကျွန်ုပ်တို့သည် ခြားနားသောသွန်သင်ခြင်းများကို ရှောင်ကြဉ်၍၊ ခရစ်တော်နှင့် အသင်းတော်နှင့်စပ်လျဉ်းသည့် ဘုရားသခင်၏စီမံကိန်းအပေါ်၌သာ အလေးထားအာရုံစိုက်ရမည်ဖြစ်သည် - ၁တိ၊၁း၃-၄။ ဧ၊၃း၉။ ၅း၃၂။

## V. အသင်းတော်၌ မြို့ရိုးကို တည်ဆောက်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏တည်ဆောက်ခြင်းအလုပ်ကို ဖျက်ဆီးဖို့ရန်သူက အသုံးပြုခံရသည့်သူများထံမှ ကာကွယ်ခံရကြလိမ့်မည်ဖြစ်သည်။

A. ဘုရားဆိုင်ရာတည်ဆောက်ခြင်းကို ဖျက်ဆီးသူများမှာ အယူလွဲခြင်းကို ဟောပြောကာ သွန်သင်သူများပင် ဖြစ်သည် - ၂ပေ၊ ၂း၁။ ၂ယော၊၇-၁၁။

1. ခရစ်တော်၏ ပုဂ္ဂိုလ်တော်နှင့်စပ်လျဉ်း၍ အယူလွဲခြင်းကို သွန်သင်သူများသည် အန္တိခရစ်များဖြစ်ကြပြီး၊ အရှင်သခင်အဖြစ် သခင်ဘုရား၏ ပုဂ္ဂိုလ်တော်နှင့် သခင်ဘုရားက ယုံကြည်သူများကို ရွေးနုတ်ခဲ့သည့် ကိုယ်တော်၏ ရွေးနုတ်ခြင်းနှစ်ခုလုံးကို ငြင်းပယ်ကြသည်။ လူသားယေရှုသည် ဘုရားသခင်ဖြစ်ကြောင်းကို ငြင်းပယ်ခြင်းမှာ ကြီးမားသော အယူလွဲခြင်းဖြစ်သည် - အငယ်၊၇။ ၁ယော၊၂း၁၈၊ ၂၂-၂၃။ ၄း၂-၃။

2. တမန်တော်က ယုံကြည်သူများအား မိမိတို့ကိုယ်ကို စောင့်ကြည့်ကြရန်၊ သို့မဟုတ်လျှင် အယူလွဲခြင်းများအားဖြင့် လွှမ်းမိုးခံရကာ၊ သမ္မာတရား၏အရာများကို ဆုံးရှုံးသွားမည်ကို သတိပေးခဲ့သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ပဋိသန္ဓေခံယူခြင်းနှင့် ဘုရားဇာတိဖြစ်ခြင်းကို ငြင်းပယ်သောသူတို့အား ငြင်းဆန်ရမည်၊ သူတို့ကို ကျွန်ုပ်တို့၏အိမ်ထဲသို့ လက်ခံခြင်း သို့မဟုတ် နှုတ်ဆက်ခြင်း မပြုရပါ - ၂ယော၊၈-၁၁။

B. ဘုရားဆိုင်ရာတည်ဆောက်ခြင်းကို ဖျက်ဆီးသောသူများသည် ဂိုဏ်းကွဲသူများ၊ သင်းခွဲသူများဖြစ်ကြသည် - တိတု၊၃း၁၀။

1. ဂိုဏ်းကွဲသောသူသည် အသင်းတော်၌ မိမိကိုယ်ပိုင် ထင်မြင်ယူဆချက်များအတိုင်း အုပ်စုများဖွဲ့ခြင်းအားဖြင့် ကွဲပြားခြင်းများကို ဖြစ်ပေါ်စေသော အယူလွဲသူ၊ သင်းခွဲသူဖြစ်သည်။ အသင်းတော်၌ ကောင်းသောအစီအစဉ်တကျဖြစ်ခြင်းကို ထိန်းသိမ်းရန်အလို့ငှာ ဂိုဏ်းကွဲသူများ၊ ကွဲပြားတတ်သောသူများကို ပထမအကြိမ်နှင့် ဒုတိယအကြိမ် သတိပေးဆုံးမပြီးနောက် ငြင်းပယ်ရမည်၊ ဖယ်ရှားရမည်ဖြစ်သည် - အငယ်၊၁၀။

2. ထိုသို့ ကွဲပြားစေတတ်ခြင်းသည် အလွယ်တကူ ကူးစက်တတ်သောကြောင့်၊ ဤငြင်းပယ်ခြင်းသည် အသင်းတော်၏ အကျိုးအမြတ်အတွက်ဖြစ်သည်၊ သို့မှသာ ကွဲပြားစေတတ်သောသူနှင့် ဆက်သွယ်ခြင်းသည် ရပ်တန့်သွားနိုင်မည်ဖြစ်သည် - ညွှန်း၊ စာရင်း၊၆း၆-၇။

C. ဘုရားဆိုင်ရာတည်ဆောက်ခြင်းကို ဖျက်ဆီးသောသူများမှာ ကွဲပြားခြင်းများကို ဖြစ်ပေါ်စေသောသူများဖြစ်သည် - ရော၊ ၁၆း၁၇။

1. ရောမ ၁၄ တွင် ပေါလုသည် ဩဝါဒ သို့မဟုတ် အလေ့အထ၌ ခြားနားသောသူများကို လက်ခံယူခြင်းနှင့် စပ်လျဉ်း၍ သဘောထားကြီးကာ၊ ကြင်နာမှုရှိသည်။ သို့သော် ရောမ ၁၆း၁၇ ၌မူ ကျွန်ုပ်တို့သည် "သင်တို့ သင်ယူခဲ့ပြီးသော သွန်သင်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော ကွဲပြားခြင်းနှင့် မှားယွင်းခြင်းအကြောင်းကို ပြုတတ်သောသူတို့ကို မှတ်၍ ရှောင်ကြလော့"ဟု ပြောဆိုခြင်း၌ သူသည် တင်းမာသော၊ ပြတ်သားသောသူဖြစ်သည်။

2. သခင်ဘုရားသည် "ညီအစ်ကိုတို့အလယ်၌ သဘောထားကွဲလွဲစေခြင်းငှာ ပြုတတ်သောသူတို့"ကို မုန်းတီးတော်မူသည် - သု၊၆း၁၆၊ ၁၉။

D. ဘုရားဆိုင်ရာတည်ဆောက်ခြင်းကို ဖျက်ဆီးသောသူများမှာ ရာထူးအဆင့်အတွက် ကိုယ်ကျိုးရည်မှန်းချက်ကြီးသူများ ဖြစ်ကြသည် - ၃ယော၊၉။

1. ကျွန်ုပ်တို့သည် သခင်ဘုရားအတွက် မည်သည့်အလုပ်၌မဆို ပထမဖြစ်ရန် မရမကရှာဖွေခြင်း မရှိသင့်ပါ။ ဤသည်မှာ ပထမဖြစ်ရန် အခြားသူများနှင့် ပြိုင်ဆိုင်ခြင်းငှာ ဝှက်ထားသော ကိုယ်ကျိုးရည်မှန်းခြင်းကြီးခြင်း၏ ကူးစက်ပျံ့နှံ့တတ်သောအလုပ်ဖြစ်သည် - အငယ်၊၉။

2. ဘုရားဆိုင်ရာတည်ဆောက်ခြင်းကို ဖျက်ဆီးသောသူများမှာ ဝံပုလွေဖြစ်သောသူများ၊ သိုးစုကို ချမ်းသာမပေးသောသူများ၊ သူတို့နောက်သို့လိုက်ရန် ယုံကြည်သူများကို ဆွဲသွားခြင်းငှာ ယိုယွင်းဖောက်ပြန်သောအရာများကို ပြောဆိုသောသူများဖြစ်ကြသည် - တ၊၂၀း၂၉-၃၀။

**VI. မြို့ရိုးကို တည်ဆောက်ပြီးနောက် ကျွန်ုပ်တို့သည် အသင်းတော်အပေါ် သေခြင်း၏တိုက်ခိုက်မှုကို ခုခံနိုင်ကာ၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်၌ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းငှာ တတ်စွမ်းနိုင်ကြမည်ဖြစ်သည်-မ၊၁၆း၁၈။ ယော၊၁၁း၂၅။ ဧ၊၁း၂၂-၂၃။ ၄း၁၆။**

A. သေခြင်းသည် စာတန်အလုပ်၏ ဝိသေသလက္ခဏာဖြစ်သည်။ သူ့အလုပ်၏ အဆုံးစွန်သောပန်းတိုင်မှာ လူကို သေခြင်းဖြင့် ပျော်ဝင်ပြည့်ဝစေရန် ဖြစ်သည် - ဟေဗြဲ၂း၁၅။

B. မဿဲ ၁၆း၁၈ တွင် အသင်းတော်အပေါ် ကျရောက်လာမည့် တိုက်ခိုက်ခြင်းအရင်းအမြစ်ကို ပြသထားသည် - "မရဏာနိုင်ငံ၏တံခါးများ"၊ ယင်းမှာ သေခြင်းဖြစ်သည်။

1. စာတန်၏အထူးဖြစ်သော အရာမှာ အသင်းတော်အတွင်း သေခြင်းကို ပျံ့နှံ့စေရန်ဖြစ်သည်၊ အသင်းတော်နှင့်စပ်လျဉ်း၍ သူအကြောက်ဆုံးသောအရာမှာ သူမသည် သူ၏သေခြင်းတန်ခိုးကို ခုခံတွန်းလှန်ခြင်းဖြစ်သည် - ဗျာ၂း၈၊ ၁၀-၁၁။

2. "ဤကျောက်"အပေါ်မှာ တည်ဆောက်ထားသည့် အသင်းတော်သည် သေခြင်းနှင့် အသက်အကြား ပိုင်းခြားသိမြင်နိုင်ခြင်းရှိပြီး၊ မရဏာနိုင်ငံ၏တံခါးများသည် ၎င်းကို လွှမ်းမိုးအောင်နိုင်မည်မဟုတ်ပါ - မ၊၁၆း၁၈။

C. ကျွန်ုပ်တို့သည် ခရစ်တော်ကို ပဌမနှင့်နောက်ဆုံး - အမြဲတည်ရှိသောအရှင်၊ မပြောင်းလဲသောအရှင်- အဖြစ်လည်းကောင်း အသေခံ၍ တစ်ဖန်အသက်ရှင်သောအရှင် - ရှင်ပြန်ထမြောက်ခြင်းဖြစ်တော်မူသောအရှင်အဖြစ်လည်းကောင်း သိကျွမ်းရန် လိုအပ်သည် - ဗျာ၊၁း၁၇-၁၈။ ၂း၈။ ယော၊၁၁း၂၅။ တ၊၂း၂၄။

D. ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်၌သာလျှင် တည်ဆောက်နိုင်မည်ဖြစ်သည် - ဧ၊၂း၆၊ ၂၁-၂၂။ ၄း၁၆။ ဗျာ၊၁း၁၈။ ၂း၈။ ဖိ၊၃း၁၀။

1. ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအသက်၌ ရှိသည် - ယော၊၁၁း၂၅။

    a. ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်၏ သဘောသဘာဝသည် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည် - တ၊ ၂း၂၄။ ဧ၊၁း၁၉-၂၃။

    b. အသင်းတော်သည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌၊ ရှင်ပြန်ထမြောက်သော ခရစ်တော်အားဖြင့် ဖန်ဆင်းခံရသည့် ဖန်ဆင်းခြင်းအသစ်ဖြစ်သည် - ၁ပေ၊၁း၃။ ဧ၊၂း၆။ ဂလ၊၆း၁၅။

2. ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ရှင်ပြန်ထမြောက်ခြင်း၌ရှိကာ၊ ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်းသည် အသက်ပေးသောဝိညာဉ်တော်ဖြစ်သည့် ခရစ်တော်ဖြစ်သည် - ယော၊၁၁း၂၅။ ၂၀း၂၂။ ၁ကော၊၁၅း၄၅ခ။

3. ရှင်ပြန်ထမြောက်ခြင်း၏ မူအလေ့အလာမှာ ဇာတိအသက်သည် သေစေခြင်းခံရ၍၊ ဘုရားဆိုင်ရာအသက်သည် ၎င်း၏ နေရာကို ရယူရန် နိုးထလာခြင်းဖြစ်သည် - ၂ကော၊၁း၉။

4. ကျွန်ုပ်တို့သည် ဇာတိအသက်အားဖြင့် အသက်မရှင်ဘဲ၊ ကျွန်ုပ်တို့အတွင်းရှိ ဘုရားဆိုင်ရာအသက်အားဖြင့် အသက်ရှင်ခြင်းရှိသောအခါ၊ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ ရှိကြသည်။ ထိုသို့သောအသက်ရှင်ခြင်း၏ ထွက်ပေါ်လာသောရလဒ်မှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်၏ ကြီးထွားခြင်းနှင့် တည်ဆောက်ခြင်းဖြစ်သည် - ဖိ၊ ၃း၁၀-၁၁။ ဧ၊၄း၁၅-၁၆။ ကော၊၂း၁၉။ ၃း၁၅။

*© 2022 Living Stream Ministry*